မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

November 13, 2024 Volume 84, Number 8

၁၃.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၉၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၃၈ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## နိုဝင်ဘာ ၅ မှ နိုဝင်ဘာ ၁၁ ရက်နေ့အထိ ဈေးကွက်သုံးသပ်ချက်



**အကျဈေးနဲ့ရှိနေဆဲ မတ်ပဲနဲ့ အကျဈေးနဲ့ငြိမ်နေတဲ့ ပဲစင်းငုံ**

မတ်ပဲက ပြီးခဲ့တဲ့အပတ်ကလို ဒီတစ်ပတ်မှာလည်း ဈေးကျဆင်းပါတယ်။ ဈေးကွက်အတွင်း ငွေကြေးလဲလှယ်ဈေးနှုန်းတွေ ကျဆင်းသွားတဲ့အတွက် ပဲဈေးကကျဆင်းနေတာဖြစ်ပြီး FOB ဈေးကတော့ မြင့်တက်ပါတယ်။

ဈေးကွက်အတွင်းမှာ ပြည်တွင်းပဲလက်ကျန်နည်းတာ၊ ငွေကြေးဈေးတည်ငြိမ်မှုမရှိတာတွေကြောင့် အရောင်းအဝယ်က အေးဆဲအခြေအနေလို့ ကုန်သည်အချို့ကဆိုသည်။

အိန္ဒိယလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ၂၀၂၄-၂၀၂၅ မိုးစိုက်သီးနှံအထွက်နှုန်းခန့်မှန်းချက်မှာ ပဲမျိုးစုံထုတ်လုပ်နိုင်မှုက ၆ ဒသမ ၉၅ သန်းသာ ရှိတဲ့အတွက် ပြီးခဲ့တဲ့နှစ်နဲ့ ယှဉ်ရင်လျော့ကျတယ်လို့ ဆိုသည်။

ပဲမျိုးစုံထဲက မတ်ပဲထွက်နှုန်းက အနည်းဆုံးလို့ ဖော်ပြချက်အရ သိရသည်။

လက်ရှိအခြေအနေမှာအိန္ဒိယမတ်ပဲလိုအပ်ချက်ကြောင့် မြန်မာနိုင်ငံအပါအဝင်အခြားနိုင်ငံတွေကပါ ဝယ်ယူဖို့ စီစဉ်နေကြတဲ့အတွက် မတ်ပဲက ရေရှည်အခြေအနေအရ အမြင့်ဈေးနဲ့ ဆက်ရှိနိုင်သေးတယ်လို့ ခန့်မှန်းတွက်ချက်ထားကြသည်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ(FAQ) တစ်တန်ကို ၃,၆၈၇,၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၈၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာ ပိဿာ ၆၀ ဝင် တစ်အိတ်ကို ၃၀၀,၀၀၀ မှ ၃၄၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀,၀၀၀ကျပ် ဈေးကျဆင်းပါတယ်။

FOB ဈေးနှုန်းကတော့ တစ်တန်ကို ၉၄၀ မှ ၉၅၀ ဒေါ်လာ ရှိပြီး ၁၀ ဒေါ်လာ ဈေးမြင့်တက်လာပါတယ်။

ပဲစင်းငုံနီက FOB ဈေးနှုန်းမြင့်တက်ပေမဲ့ ကျဆင်းသွားတဲ့ ငွေကြေးလဲလှယ်ဈေးနှုန်းကြောင့် ဈေးကကျဆင်းသွားတာ မျိုးမရှိဘဲ အကျဈေးနဲ့ငြိမ်နေတဲ့အခြေအနေရှိပါတယ်။

ပြည်တွင်းပဲလက်ကျန်မရှိသလောက် နည်းနေတာဖြစ်တဲ့အတွက် အရောင်းအဝယ်ကတော့ သိပ်မရှိဘူးလို့ ဆိုပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၄,၀၅၇,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့ အပတ်နဲ့ ယှဉ်ရင် တစ်တန်ကို ၇၀၀၀ ကျပ်ဈေးတက်ပါတယ်။

FOB ဈေးကတော့ တစ်တန်ကို ၁၀၄၀ မှ ၁၀၅၀ ရှိပြီး တစ်တန်ကို ဒေါ်လာ ၁၀ တက်ပါတယ်။ ပြီးခဲ့တဲ့အပတ်ကတည်းက ဈေးမြင့်တက်ပေမဲ့ ဗဟိုဘဏ်က ဒေါ်လာတွေ ထုတ်ရောင်းပေးတဲ့အတွက် ငွေလဲလှယ်နှုန်းတွေ ကျဆင်းပြီး ပဲဈေးလည်း မတက်ဘဲ ရှိနေတာဖြစ်ပါတယ်။

**စံချိန်တင် မြင့်တက်နေတဲ့ မန်ကျည်းသီးမှည့်**

မန်ကျည်းသီးက ပြီးခဲ့တဲ့လကတည်းက မြင့်တက်နေတာဖြစ်ပြီး စံချိန်တင်မြင့်တက်နေတာလည်း ဖြစ်ပါတယ်။

ဈေးကွက်အတွင်း အသားလက်ကျန်နည်းနေပြီးလက်ရှိပေါ်ချိန်မဟုတ်တဲ့အတွက်ဈေးမြင့်တက်နေတာလို့ ကုန်သည်တွေက ဆိုပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မန်ကျည်းသီး အသားတစ်ပိဿာကို ၉၀၀၀ မှ ၁၁,၅၀၀ ပေါက်ဈေး ရှိပြီး တစ်ပိဿာကို ၁၅၀၀ ကျပ်ဈေးတက်ပါတယ်။

မန်ကျည်းသီးပွင့်ကပ်ကတော့ တစ်ပိဿာကို ၃၃၀၀ မှ ၃၆၀၀ ရှိပြီး ဈေးငြိမ်ပါတယ်။

တစ်လအတွင်း မန်ကျည်းသီးအသား တစ်ပိဿာကို ၃၅၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။

**ဆက်တိုက်တက်နေတဲ့ အာလူး**

အာလူးကလည်း ဈေးဆက်တိုက်တက်ပါတယ်။

ဈေးကွက်ထဲ တရုတ်အာလူးက နေ့စဉ် ကားအစီးရေ ၃ စီး လောက်သာ အဝင်ရှိနေပြီး ဝယ်လိုအားနဲ့ ရောင်းလိုအားကွာနေတဲ့အတွက်ဈေးမြင့်တက်လာလို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်ထဲ တရုတ်အာလူးသာ အဝင်ရှိပြီး ရှမ်းအာလူးကတော့ အဝင်မရှိတာတွေ့ရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တရုတ်အာလူးက တစ်ပိဿာကို ၇၆၀၀ ရှိပြီး တစ်ပတ်အတွင်း တစ်ပိဿာကို ၆၀၀ ကျပ်ဈေးတက်လာပါတယ်။

တစ်လအတွင်းတစ်ပိဿာကို ၂၀၀၀ နီးပါးတက်လာပါတယ်။အောင်ပန်းဈေးကွက်မှာလည်း ရှမ်းအာလူးတွေဈေးမြင့်တက်လာပြီး လုပ်ငန်းသုံး အကြော်သီးဆိုဒ်တွေက ပစ္စည်းပြတ်တဲ့အထိ ဖြစ်နေတယ်လို့ အောင်ပန်းဈေးကွက်ကနေ သိရပါတယ်။

ရှမ်းပြည်အောင်ပန်းကုန်စည်ဒိုင်ဈေးကွက်မှာတော့ မျက်နီ S1/ OK က ၇၀၀၀ ကျပ်၊မျက်နီ OK က ၆၈၀၀ ကျပ်၊ မျက်နီ A1 က ၅၅၀၀ ကျပ်၊A1ဆွဲမျက်နီက ၅၂၀၀ ကျပ် ရှိလာပြီးလုပ်ငန်းသုံး အကြော်သီးတွေဖြစ်တဲ့ မားကစ် S2/ S-1 နဲ့ မျက်နီ S-2 /S1 က ၈၂၀၀ မှ ၈၅၀၀ ကျပ်ဈေးပေါက်ပေမဲ့ ပစ္စည်းအဝင်မရှိဘဲဖြစ်နေကြောင်း သိရပါတယ်။

**Source :** https://myanmaawba.com/

## ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်ရေ ၄၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက် မှ ၃၁ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၅,၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ

ဒေသထွက်ဆန်ကွဲများကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုအားကောင်းလျက်ရှိကြောင်း သိရသည်။

“ဘိုကလေးမြို့နယ်က ဆန်ကွဲတွေကို ရန်ကုန်စျေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ဆန်ကွဲတွေ အောက်တိုဘာ ပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအား သိသိသာသာတက်ခဲ့တာဖြစ်ပါတယ်။ ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ကုန်သည်တွေအဆင်ပြေပါတယ် ” ဟုဘိုကလေးမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၇,၅၀၀ စျေးပေါက်နေကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## သတ်မှတ်ထားသည့် ဆန်စျေးထက် အပြင်စျေးမြင့်တက်နေဆဲဖြစ်




ဆန်ပြည်ပ တင်ပို့မှုမြင့်တက်နေပြီးအသင်းက သတ်မှတ်ထားသည့် ဆန်စျေးထက် အပြင်စျေးမြင့်တက်နေဆဲဖြစ်ကြောင်း စျေး ကွက်အတွင်း စုံစမ်းသိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလတွင် ပြည်ပသို့ ဆန်တန်ချိန် ၄ သိန်းကျော်အထိ တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှုစံချိန်တင်မြင့်တက်ခဲ့ကြောင်း ဆန်စပါးအသင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်မှု လျော့ကျနေချိန်တွင် ပြည်ပသို့ ဆန်တင်ပို့နေခြင်းမှာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှု နည်းနိုင်ပြီး စျေးနှုန်းမြင့်တက်နိုင်ကြောင်း သုံးသပ်ကြသည်။

“ ဒီနှစ်စပါးအထွက်နှုန်းက ယခင်နှစ်တွေထက် သိသာစွာ လျော့နည်းနိုင်တယ်။ ဆန်သစ်စျေးကွက်မှာ အဝယ်ဘက်က စျေးချဝယ်နေပြီး အရောင်းဘက်က စပါးစျေးချဝယ်လို့ရမှ ဆန်ရောင်းမဲ့ အခြေအနေဖြစ်နေတယ်။ ရန်ကုန်ဘက်က အရောင်းအဝယ်အေးတယ်။ လှောင်လက်ဝယ်လို့ စပါးစျေးချမရရင် ဆန်စျေးဆက်ပြီးမာနိုင်တယ်” ဟုဆန်ကုန်သည်တစ်ဦးကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် နိုဝင်ဘာလအတွက် သင့်တင့်မျှတသော စျေးနှုန်းဖြစ်စေရန် ဆန်ကြမ်းအုပ်စုဖြစ်သော ၂၅ မှတ်တန် ဆန်တစ်အိတ်လျှင် ၇၃,၀၀၀ ကျပ်မှ ၈၁,၀၀၀ကျပ် နှင့် ၁၅ မှတ်တန် ဆန်တစ်အိတ်လျှင် ၇၆,၀၀၀ကျပ် မှ ၈၃,၀၀၀ကျပ် သတ်မှတ်ထားပြီး ဇီယာ၊ ရွှေသွယ်၊ ပခန်း၊ အညာသား စသည့် ပြည်ပတင်ပို့ခြင်းနှင့် ပြည်တွင်းစားသုံးသည့် ၁၀ – ၅ မှတ်တန်တစ်အိတ်လျှင် ၈၅,၀၀၀ ကျပ်မှ ၁၃၃,၀၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် ပေါ်ဆန်းအုပ်စု တစ်အိတ်လျှင် အမျိုးအစားပေါ်မူတည်ပြီး ၁၂၅,၀၀၀မှ ၁၄၅,၀၀၀ကျပ်အထိသတ်မှတ်ထားကြောင်း သိရပြီး လစဉ်ထုတ်ပြန်သည့် ရည်ညွှန်းစျေးနှုန်းများ၊ စည်းကမ်းချက်များနှင့် အညီ ရောင်းချရန် နှင့် စျေးနှုန်းပို၊ မြင့်တင်ရောင်းချခြင်း၊အရည်အသွေးမမှန်မကန်ရောင်းချခြင်း၊ လိုက်နာဆောင်ရွက်မှုမရှိခြင်းတို့အပေါ် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ တရားစွဲဆိုခြင်း၊ဒဏ်ငွေ နှင့် အခွန်ငွေ သတ်မှတ်ပေးဆောင်စေခြင်း စသည့် ထိရောက်စွာ အရေးယူမှုများ ပြုလုပ်နေသောကြောင့် သိရသည်။

“ ရန်ကုန် Export raw ဆန်စျေးကွက်အေးနေပါတယ်။ဆန်အဝင်နည်းနေတယ်။ စောင့်ကြည့်ရမဲ့ အနေအထားပါ။ စျေးတက်မယ်ထင်ပြီး ကြိုမဝယ်ထားသင့်ဘူး ” ဟု ရန်ကုန်မြို့ရှိ ဆန်ကုန်သည်တစ်ဦးက ပြောသည်။

အချို့ဒေသများတွင် အောက်တိုဘာလအစောပိုင်းက ဆန်တစ်အိတ်ကို ငွေကျပ် ကိုးသောင်း နှင့်တစ်သိန်းကျော်သာ ရှိခဲ့ရာမှ လက်ရှိတွင် ကျပ် ၂၇၀,၀၀၀ မှ ကျပ် ၃၀၀,၀၀၀ အထိ စျေးတင်ရောင်းချနေကြောင်း စားသုံးသူများထံက သိရသည်။

“ဘယ်လောက်ပဲ ဈေးနှုန်းတွေ သတ်မှတ်ထားပါစေ အပြင်ဈေးကတော့ မြင့်မြဲမြင့်နေတာပဲ။ သတ်မှတ်ဈေးနဲ့ တစ်ခါမှမရသေးဘူး” ဟု သဃ်္ဃန်းကျွန်းမြို့နယ်နေထိုင်သူတစ်ဦးက ပြောသည်။

နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများကြောင့် စိုက်ပျိုးမြေလျော့နည်းလာပြီး စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများခဲ့ခြင်းကြောင့် ယခုနှစ် ဆန်စပါးအထွက်နှုန်းမှာ ယခင်နှစ်များထက် သိသာစွာကျဆင်းကြောင်းတောင်သူနှင့်လုပ်ငန်းရှင်အချို့သုံးသပ်ကြသည်။

သို့သော် ယခုနှစ် အောက်တိုဘာလတွင် ဆန်တန်ချိန် ၄၂၀,၀၀၀ ကျော်တင်ပို့ခဲ့ပြီး ယခုဘဏ္ဍာနှစ် ခုနှစ်လအတွင်း ဆန်တင်ပို့မှု အများဆုံးတင်ပို့နိုင်သည့်လဖြစ်ကြောင်းလည်း သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံ၊ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ကို ဆန်တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်ကို ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ သန်း အထက် ပြည်ပကို ပုံမှန်တင်ပို့နေခြင်းဖြစ်ကြောင်း သိရပြီး အခု ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်၏ ပထမ ၇ လအတွင်း ဆန်တင်ပို့မှုမှာ ၁ ဒသမ ၃၆ သန်းကျော်ရှိကြောင်း သိရသည်။

ပြီးခဲ့တဲ့ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်နဲ့ ဆန်ကွဲ တန်ချိန် ၁ ဒသမ၇ သန်း နီးပါးသာ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

Source : https://htwettoe.com/

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ငှက်ပျောလှိုင်လှိုင်ပေါ် တောင်သူများ စီးပွားရေးတွက်ခြေကိုက်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ငှက်ပျောသီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း ကျောက်ဆည်မြို့နယ်၌ ၁၂၈၂ ဧက၊ စဉ့်ကိုင်မြို့၌ ၇၅၀ ဧက၊ မြစ်သားမြို့နယ်၌ ၁၀၈၁ ဧက စိုက်ပျိုးပြီး ရွှေလျောင်း၊ ဆူးလေကုန်းနှင့် ကံဆွယ်ကျေးရွာများ၌ အများဆုံး စိုက်ပျိုးကြောင်း သိရသည်။

ငှက်ပျောသီးနှံကို ဇွန်လနှင့်ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလဆန်းပိုင်းတွင် ခူးဆွတ်လျက်ရှိကြောင်း၊ ငှက်ပျောစိုက်ပျိုးရာတွင် စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁,၅၀၀,၀၀၀ ခန့်ကုန်ကျ ကြောင်း၊ တစ်ဧကလျှင် ငှက်ပျောအခိုင် ၈၀၀ ခန့်အထိ ထွက်ရှိကြောင်း၊ နိုဝင်ဘာလပထမပတ်တွင် လက်ကားဈေးနှုန်း အနေ ဖြင့် ငှက်ပျောအခိုင် ၄၀ ပါ လှည်းတစ်စီးလျှင် ငွေကျပ် ၂၈၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး လက်လီဈေးနှုန်းအနေဖြင့် ငှက်ပျောလက်ရင်းတစ်ဖီးလျှင် ငွေကျပ် ၃၅၀၀ နှင့် လက်ဖျားတစ်ဖီးလျှင် ငွေကျပ် ၂၅၀၀-၂၆၀၀ ဖြင့် ရောင်းချရကြောင်း၊ တောင်သူအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၄,၁၀၀,၀၀၀ ခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ငှက်ပျောအခိုင်များကို သီးနှံ ပွဲစားများကဥယျာဉ်ခြံထဲအရောက် လာရောက်ဝယ်ယူကြပြီးထိုမှတစ်ဆင့် မန္တလေးနှင့်ရန်ကုန်မြို့များသို့တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ငှက်ပျောများ ဖြိုင်ဖြိုင်ထွက်ပေါ်လျက်ရှိသောကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းသော်လည်း အကျိုးအမြတ် ရလျက်ရှိကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ကြက်သွန်နီတစ်ပိဿာ ၆၀၀၀ ကျပ်အထိ ဈေးမြင့်တက်လာ

ပြည်တွင်း လက်လီဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာ ၆၀၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း ဝယ်သူ၊ ရောင်းချသူ များထံက သိရသည်။

နယ်မြေဒေသအသီးသီးက စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်များကို ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တင်ပို့ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ၊စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်းနှင့် လမ်းတွင်ပေးရသည့်အခွန်များကြောင့် ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်းသိရသည်။



“ကြက်သွန်က နိုဝင်ဘာလက စပြီးဈေးတက်လာတာ။ သယ်ယူပို့ဆောင်ရေးစရိတ်ကြီးတော့ ဈေးတွေကတက်ကုန်တာ၊ လမ်းမှာဂိတ်ကြေးတွေလည်း ကောက်တော့ အဆင်မပြေဘူး။ ကုန်တင်တဲ့သူတွေက ကိုက်အောင်တင်ကြတာပဲ။ဝယ်သူတွေအတွက် ကတော့ ဈေးမြင့်ကုန်တာပေါ့”ဟု ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

ပြည်တွင်းကြက်သွန်နီကို ယခုနှစ်တွင် ဗီယက်နမ်၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုရှိပြီး အောက်တိုဘာလအထိသာ ပြည်ပသို့တင်ပို့ကြောင်း သိရသည်။

ပြီးခဲ့သည့်လတွင် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ အထိသာ ရှိခဲ့သော်လည်း ယခုလတွင် ငွေကျပ် ၆၀၀၀ အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းလာသော Shine Muscat အမျိုးအစား စပျစ်သီးများသည် စားသုံးရန် လုံခြုံမှုစံနှုန်းများနှင့်ကိုက်ညီကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ထုတ်ဖော်ပြောကြားခဲ့

ထိုင်းနိုင်ငံသို့ တင်သွင်းလာသော Shine Muscat အမျိုးအစား စပျစ်သီးများအားလုံးသည် စားသုံးရန် စိတ်ချရသည့် Hold၊ Test၊ Release (HTR) အစီအမံများနှင့် ကိုက်ညီကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ထုတ်ဖော်ပြောကြားချက်အရ သိရသည်။

တန်ဖိုး ဘတ် ၃ ဒသမ ၀၅ သန်းရှိသော စပျစ်သီးတန်ချိန် ၆ ဒသမ ၉၃ တန်ကို ဓာတုဓာတ်ကြွင်းရှိ / မရှိ စစ်ဆေးခဲ့ရာ သစ်သီးများ အားလုံးသည် စံသတ်မှတ်ချက်များအားလုံးနှင့်ကိုက်ညီသဖြင့် တင်သွင်းရန်နှင့် ပြည်တွင်းရောင်းချရန် ခွင့်ပြုခဲ့ပါကြောင်း၊ ဦးစီးဌာနအနေဖြင့် တင်သွင်းလာသော သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များ နိုင်ငံအတွင်း တင်ပို့ပြီးနောက် ၂၄ နာရီအတွင်း စိုက်ပျိုးရေးဆိုင်ရာ ဓာတုဓာတ်ကြွင်းများ ရှိ/ မရှိ ISO 17025 ဓာတ်ခွဲခန်းများတွင် HTR အပါအဝင် စစ်ဆေးမှုအစီအမံများဆောင်ရွက်ပါကြောင်း၊ ဓာတ်ကြွင်းများသည် လုံခြုံစိတ်ချရသည့်အဆင့်ထက်ကျော်လွန်နေပါကြောင်း၊ ယင်းပစ္စည်းများ နိုင်ငံအတွင်းဝင်ရောက်မှုကို ပိတ်ပင်သွားမည်ဖြစ်ပြီး ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Lertchai Lertvut က ပြောကြားခဲ့သည်။

တင်သွင်းသူများအနေဖြင့် တင်သွင်းကုန်စည်များသည် ထိုင်းနိုင်ငံ၏ ဥပဒေစံနှုန်းများနှင့်ကိုက်ညီရန်နှင့် သေချာသော ရင်းမြစ်များမှဖြစ်စေရန် တိုက်တွန်းလိုကြောင်း၊ တင်သွင်းကုန်စည်များ၏ လုံခြုံစိတ်ချရမှုကိုမြှင့်တင်နိုင်ရေး နိုင်ငံခြားသံရုံးများနှင့် ဆွေးနွေးသွားမည်ဖြစ်ပြီး နမူနာများနှင့်ကျပန်းစစ်ဆေးမှုကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန စစ်ဆေးရေးဂိတ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Lertchai က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source:** www.bangkokpost.com ၊

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်၏ ကုန်သွယ်မှုမူဝါဒများသည် ပထမအကြိမ်သမ္မတသက်တမ်းအတွင်းချမှတ်ခဲ့သည့်မူဝါဒများထက် ပိုကြောက်စရာကောင်းသည့်မူဝါဒများဖြစ်လာနိုင်

အမေရိကန်သမ္မတရွေးကောက်ပွဲရလဒ်ထွက်ပေါ်လာပြီးနောက်ပိုင်းတွင်စတော့ရှယ်ယာဈေးနှုန်းများမြင့်မားလာခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံသူများက လက်ရှိတွင်ငွေချေးစာချုပ် (Bond market) ဈေးကွက်ကို စောင့်ကြည့်လျက်ရှိလာကြောင်း၊ ငွေချေးစာချုပ် ဈေးနှုန်းကျဆင်းပါက အမေရိကန်အစိုးရ၏ ချေးငွေစာချုပ်အတိုးရငွေ (Treasury Yields) သည် မြင့်တက်လာမည်

ဖြစ်ကြောင်း၊ ၅-၁၁-၂၀၂၄ ရက်(အင်္ဂါနေ့) သမ္မတရွေးကောက်ပွဲရလဒ်ထွက်ပေါ်လာပြီးနောက်တွင် ဒေါ်နယ်ထရမ့်၏ ဒုတိယအကြိမ် သမ္မတသက်တမ်း၌ အခွန်လျှော့ချမှုကြောင့် ဘတ်ဂျက်လိုငွေမြင့်မားကာ ငွေကြေးဖောင်းပွမည်ဟုခန့်မှန်းလျက် အမေရိကန်အစိုးရ၏ ငွေချေးစာချုပ်အတိုးရငွေနှုန်းသည်မြင့်တက်ခဲ့ကြောင်း၊စတော့ဈေးကွက်နှင့်ချေးငွေစာချုပ်အတိုးရငွေသည် လွန်ခဲ့သော ၈ နှစ် ဒေါ်နယ်ထရမ့်ပထမအကြိမ်သမ္မတအဖြစ် ရွေးကောက်ခံရချိန်တွင်လည်း မြင့်တက်ခဲ့ကြောင်း၊ Neuberger Berman ကုမ္ပဏီ၏ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကြီးအကဲ Mr. Thanos Bardas က လက်ရှိအခြေအနေသည် ရှုပ်ထွေးကြောင်းနှင့် ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်သမ္မတသက်တမ်း (Trump 1.0)နှင့် ဒုတိယအကြိမ်သမ္မတသက်တမ်း (Trump 2.0) တို့၏ စမှတ်သည်ကွာခြားကြောင်း၊ (၁၀)နှစ် သက်တမ်းရှိ ငွေတိုက်စာချုပ်အတိုးနှုန်းရငွေသည် စက်တင်ဘာလတွင် ၃ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၈-၁၁-၂၀၂၄ ရက် (သောကြာနေ့) တွင် ၄ ဒသမ ၃ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံသူများအတွက် အခက်ခဲဆုံးကိစ္စရပ်များမှာ စီးပွားရေးအပေါ်သက်ရောက်စေမည့်ဒေါ်နယ်ထရမ့်၏မူဝါဒ တစ်စိတ်တစ်ပိုင်း ဖြစ်သော ဘဏ္ဍာရေးမူဝါဒပင်ဖြစ်ပါသည်။

ထို့ပြင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်တွင်လည်း ကုန်ပစ္စည်းများအားလုံးကို အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံရန် အဆိုပြုထားခြင်း၊ ပို၍တင်းကြပ်သည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာထိန်းချုပ်မှုများနှင့် တရားမဝင် ဝင်ရောက်လျက်ရှိသူများကို နေရပ်ပြန်ပို့မည့် အကြီးဆုံးအစီအစဉ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ရာ အကောက်ခွန်နှင့် နေရပ်ပြန်ပို့မည့်အစီအစဉ်နှစ်ခုစလုံးသည် ငွေကြေးဖောင်းပွမှုကိုမြင့်မားစေနိုင်ပြီးစီးပွားရေးတိုးနှုန်းကိုနှေးကွေးစေမည်ဖြစ်ကြောင်း၊သွင်းကုန်များအပေါ် အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံခြင်းသည် စားသုံးသူများအပေါ် ဈေးနှုန်းများမြင့်မားစေမည်ဟု စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးပညာရှင်များစွာက သဘောတူလက်ခံကြရာ ကာလတိုတွင်လည်းငွေကြေးဖောင်းပွမှုကို ဖြစ်စေနိုင်ကြောင်း၊ ဈေးနှုန်းမြင့်တက်လာပါက စားသုံးသူများအနေဖြင့် ၎င်းတို့၏ငွေကြေးသုံးစွဲမှုကို လျှော့ချလာနိုင်ရာ ယင်းအခြေအနေတွင် တရားမဝင် ဝင်ရောက်လာသူများအား နေရပ်ပြန်ပို့သည့်အစီအစဉ်ကြောင့် စီးပွားရေးလုပ်ငန်းများသည် လုပ်သားအသစ်များကို လုပ်ခလစာနှုန်းတိုးမြှင့်ပေးလျက်ခေါ်ယူရမည်ဖြစ်သဖြင့် ဈေးနှုန်းများမြင့်တက်လာမည်ဖြစ်ကြောင်း၊ယင်းအခြေနေတွင်အလုပ်ရှင်များကလည်း ထုတ်လုပ်မှုကိုလျှော့ချလာနိုင်ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးမူဝါဒကြောင့် စီးပွားရေးတိုးတက်မှုကို နှေးကွေးစေနိုင်ပြီး ရင်းနှီးမြှုပ်နှံသူများကလည်း ငွေကြေးဖောင်းပွမှုကို စိုးရိမ်လာမည်ဖြစ်ရာ ယင်းအခြေအနေတွင် ကာလရှည်ငွေတိုက်စာချုပ်များ၏ အတိုးနှုန်းရငွေသည် ပို၍မြင့်မားလာနိုင်ကြောင်း၊ ဒေါ်နယ်ထရမ့်၏ ဘဏ္ဍာရေးမူဝါဒကြောင့် စီးပွားရေးအပေါ် တိုက်ရိုက်သက်ရောက်နိုင်ခြေရှိကြောင်း၊ရင်းနှီးမြှုပ်နှံသူများကလည်း ၎င်းအနေဖြင့် အခွန်မည်မျှအထိလျှော့ချပြီး အသုံးစရိတ်လျှော့ချမှုကို မည်သည့်ပမာဏအထိ ပြန်ထေမိမည်မှာ မေးခွန်းဖြစ်လျက်ရှိကြောင်း၊ အမှီအခိုကင်းသည့် အဖွဲ့တစ်ခုဖြစ်သည့် တာဝန်ယူမှုရှိသော ဖက်ဒရယ်ဘတ်ဂျက်ကော်မတီ (Committee for a Responsible Federal Budget)က ဒေါ်နယ်ထရမ့်၏ မူဝါဒများသည် နောင်ဆယ်စုနှစ်အတွင်း ဘတ်ဂျက်လိုငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ထရီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

လူမှုဖူလုံရေးအကျိုးခံစားခွင့်၊ အချိန်ပိုကြေးနှင့်မေတ္တာကြေး (Tips) တို့ကို အခွန်သက်သာခွင့်ပေးမည်ဟု ဒေါ်နယ်ထရမ့်က ၎င်း၏ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ် ကတိပြုထားရာ လက်ရှိတွင်ဖက်ဒရယ်ဘတ်ဂျက်လိုငွေသည်အမေရိကန်ဒေါ်လာ ၂ ထရီလီယံအထိ လိုငွေ ပြလျက်ရှိပြီး အစိုးရအနေဖြင့် အဓိကချေးငွေစာချုပ်များကို ရောင်းချခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများ မလိုအပ်ဘဲ ချေးငွေမည်မျှအထိတိုးမြှင့်ချေးယူရမည်မှာလည်း မေးခွန်းထုတ်စရာတစ်ရပ်ဖြစ်ကြောင်း၊ယင်းအခြေအနေဖြစ်လာမည်ကို စိုးရိမ်သူများတွင် ရွေးကောက်ခံဒုတိယသမ္မတဂျေဒီဗင့်စ်လည်းပါဝင်ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီတစ်ရက်အလိုကဖြေကြားခဲ့သည့် အင်တာဗျူးတစ်ခုတွင် ဒေါ်နယ်ထရမ့်၏ ဒုတိယအကြိမ်သမ္မတသက်တမ်းတွင် “Bond-market death spiral” ဖြစ်လာမည်ကိုစိုးရိမ်ကြောင်း၊ယင်းအကျပ်အတည်းများသည် အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံသူများက ချေးငွေစာချုပ်အတိုးနှုန်းတိုးမြှင့်လိုခြင်းကြောင့် ဒေါ်နယ်ထရမ့်၏ သမ္မတရာထူးအပေါ် အပြင်းအထန်ဝေဖန်လာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Source : Wall Street Journal)**

**စီးပွားရေးသံမှူး၊ ဝါရှင်တန်** https://myantrade.gov.mm/

## ကမ္ဘောဒီးယားနိုင်ငံမှ Malis Angkor ဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ၆ ကြိမ်မြောက်ရရှိ




ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၇-၁၁-၂၀၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော World Rice Conferenci 2024 တွင် ကမ္ဘောဒီးယား အရည်အသွေးနှင့် အမွှေးကြိုင်ဆန်အတွက် အမှတ်အသားဖြစ်သည့် Malis Angkor ဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ၆ ကြိမ်မြောက်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာကုန်စည်ဒိုင် (ICI) နှင့် United States Of Rice Traders တို့မှ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်(CRF)က တောင်သူလယ်သမားများမှာ ကောင်းမွန်စွာစိုက်ပျိုးပြီး ဆန်စက်ပိုင်ရှင်များ၏ ကောင်းမွန်စွာ ကြိတ်ခွဲလုပ်ကိုင်ပေးခြင်းတို့ကြောင့် မိမိတို့နိုင်ငံအတွက် အကောင်းဆုံးဆန်ဆုကိုရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် Malis Angkor ဆန်သည် ကမ္ဘောဒီးယားအရည်အသွေးနှင့် အမွှေးကြိုင်ဆန်အတွက် အကောင်းဆုံးအမှတ်အသားတစ်ခုဖြစ်ခဲ့သည် ဟု ပြောကြားခဲ့သည်။

**Source: Khmer Times**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/26743

## ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက အာရပ်စော်ဘွားများပြည်ထောင်စု (UAE) နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီးဦးဆောင်သည့် ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan က အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံခြားကုန်သွယ်ရေးဝန်ကြီး H.E Mr. Thani bi Ahmed Al Zeyoudi နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံခဲ့စဉ်တွင် ထိုင်းနိုင်ငံ၏နည်းပညာနှင့် အစားအစာကဏ္ဍများအတွက် ဆွေးနွေးခဲ့ပြီး UAE ၏ စိတ်ဝင်စားမှုရှိသည့် ထိုင်းနိုင်ငံရှိ အချက်အလက်စင်တာတည်ထောင်မှုအလားအလာကိုအဓိကဆွေးနွေးခဲ့ပါကြောင်း၊ 5G ရရှိမှု၊ လျှပ်စစ်ဓာတ်အား နှင့် ရေထောက်ပံ့မှု တည်ငြိမ်မှုကဲ့သို့သောစိတ်ချရသောအခြေခံအဆောက်အဦနှင့်အရည်အချင်းရှိသော လုပ်သားများ အပါအဝင် ထိုင်းနိုင်ငံ၏အဆင့်မြင့်နည်းပညာဂေဟစနစ်ကြောင့် နိုင်ငံသည်အချက်အလက်စင်တာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအတွက် နေရာကောင်းဖြစ်ကြောင်း၊ UAE အနေဖြင့်လည်း အာရေဗီယားကျွန်းဆွယ်ရှိ အခြေခံအဆောက်အဦ စီမံကိန်းတွင် ထိုင်းရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လိုကြောင်း ဝန်ကြီး H.E Mr. Pichai က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ နည်းပညာမြင့် စိုက်ပျိုးရေးထုတ်ကုန်များနှင့် အစားအစာထုတ်လုပ်နိုင်စွမ်းများကို အလေးပေးဆွေးနွေးခဲ့ပြီး ဆန်၊ကြက်သားနှင့်တူနာစည်သွပ်ဘူးကဲ့သို့အစားအစာထုတ်ကုန်များတွင်အဓိကတင်ပို့သူဖြစ်ကြောင်းလည်းဆွေးနွေးခဲ့ပါကြောင်း၊ နှစ်နိုင်ငံ၏ အကျိုးကျေးဇူးဖြစ်စေသည့် စဉ်ဆက်မပြတ်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရေးအတွက် UAE ၏ အစားအစာဖူလုံမှုအတွက် ထိုင်းနိုင်ငံအနေဖြင့် အစားအစာအရင်းအမြစ်အဖြစ် ဆောင်ရွက်လိုကြောင်း အဆိုပြုခဲ့ကြောင်း၊ UAE သည် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍများတွင် ရေနှင့်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာများ ထောက်ပံ့ပေးခြင်းဖြင့် ထိုင်းနိုင်ငံ၏ စက်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာများတွင် မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ ဝယ်လိုအား ခိုင်မာနေသောကြောင့် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန်များ တိုးမြှင့်တင်ပို့ရန် ဖိတ်ခေါ်ခဲ့ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

UAE အနေဖြင့် အရည်အချင်းရှိသော ထိုင်းလုပ်သားများ အထူးသဖြင့် အင်ဂျင်နီယာများ လိုအပ်လျက်ရှိကြောင်း၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ဆိုင်ရာ တိုးတက်မှုအခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများအတွက် ကုန်သွယ်ရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ညှိနှိုင်းမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်ရှိ

ကြောင်း သိရသည်။

**Source:** www.bangkokpost.com ।

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## STOCK EXCHANGE (13.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,723 (Shares) | 87,911,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,600 | 8,700 | 8,600 | 1,235 | 10,719,500 | 33,109,694 | 288,054 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,350 | 3,350 | 3,350 | 121 | 405,350 | 38,929,150 | 130,413 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 35 | 294,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,950 | 1,950 | 1,900 | 125 | 240,000 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,130 | 1,896,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,350 | +50 | +1.52% | 3,350 | 3,350 | 3,350 | 57 | 190,950 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 13th Nov. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.77 | -0.09 | -0.02% | 401.17 | 402.77 | 401.17 | 2,703 | 13,745,800 | 8 | 759,691 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 13th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 17,755 (Shares) | 89,031,800 (MMK) |

### Main Board

As of 1:00 pm, 13th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,723 (Shares) | 87,911,800 (MMK) |

| MYANPIX | 402.77 ▼ 0.09 |
|---|---|
| Total Volume (shares) | 2,703 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 759,691 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 50 |